# ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight နှင့်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအတွက် အသွားအလာကန့်သတ်မှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ် (၁၅-၆-၂၀၂၂)

၁။ ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ပြည့်မထိုးနှံထားသူများနှင့် ကာကွယ်ဆေးထိုးလက်မှတ်အထောက်အထား မတင်ပြနိုင်သူများ၊ မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၄၈)နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေ မတင်ပြနိုင်သူများအနေဖြင့် ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် လိုက်ပါနိုင်သည်။

၂။ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight များတွင် နိုင်ငံခြားသားခရီးသည်များအား လိုက်ပါခွင့်ပြုမည်မဟုတ်ပါ။

၃။ မြန်မာနိုင်ငံသို့ဝင်ရောက်သည့်လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင် ကျန်းမာရေးကြေညာချက် (Health Declaration card) အား သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံ ပြသရန်၊

၄။ သက်ဆိုင်ရာ ကျန်းမာရေးအရာရှိမှ ခရီးသည်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား လက်ခံဆောင်ရွက်ရန်၊

၅။ ကိုယ်အပူချိန် မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ တွေ့ရှိသည့် ခရီးသည်များအား သီးခြားထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ရန်၊

၆။ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး (၁)ရက်မြောက်နေ့တွင် RDT ဖြင့်လည်းကောင်း၊ (၃)ရက်မြောက်နေ့တွင် RT-PCR နည်းဖြင့်လည်းကောင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။ (၃)ရက်မြောက်နေ့တွင် စစ်ဆေးသည့် ဓာတ်ခွဲအဖြေတွင် ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိပါက မိမိတို့ လာရောက်သည့် ကိစ္စများအား ဆောင်ရွက်နိုင်ပါသည်။

၇။ ကိုဗစ်-၁၉ ရောဂါတွေ့ရှိသည့် ခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများထားရှိသည့် ဆေးရုံ/ကုသရေးစင်တာ/ဟိုတယ်များသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံ (သို့မဟုတ်) သတ်မှတ်ဟိုတယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူမည်ဆိုပါက ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည်ဖြစ်ပါသည်။